ဇူလိုင် ၃၀,၂၀၂၁

# အာဏာသိမ်းမှုအတွင်းပေါ်ပေါက်လာသောအွန်လိုင်းပညာရေး ပလက်ဖောင်းများနှင့်ကျောင်းသားများ၏အခွင့်အလမ်း/စိန်ခေါ်မှုများ/ အပြောင်းအလဲများ

Inya
Economics



ရေးသားသူ-ထိန်လင်း

@InyaEconomics

Inya
Economics

# မာတိကာ


**01** မြန်မာနိုင်ငံနိုင်ငံ၏ လက်ရှိပညာရေးအခြေအနေ မိတ်ဆက်

**02** စစ်အာဏာသိမ်းမှုမတိုင်ခင် Covid-19 ကာလ အွန်လိုင်းမှ လေ့လာသင်ယူမှုများ

**03** အာဏာသိမ်းမှုနောက်ပိုင်း ပညာရေးလိုအပ်ချက်ကိုဖြည့်စည်းနိုင်ရန် ကြိုးစားနေကြသော အဖွဲ့အစည်းများ

**04** အာဏာသိမ်းမှုနောက်ပိုင်း တက္ကသိုလ်ကျောင်းသားများရဲ့လေ့လာမှုအခြေအနေ

**05** နိုင်ငံခြားပညာသင်ဆုလျှောက်ယူရာ၌တွေ့ကြုံနေရသောအခက်အခဲများ

**06** တက္ကသိုလ်ကျောင်းသားများ၏လက်ရှိပညာရေးအပေါ်သုံးသပ်ချက်

## မြန်မာနိုင်ငံနိုင်ငံ၏ လက်ရှိပညာရေးအခြေအနေ မိတ်ဆက်

မြန်မာနိုင်ငံ၌ (၂၄.၀၃.၂၀၂၀) တွင် ကိုဗစ်ရောဂါကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တက္ကသိုလ်များကို ပိတ်သိမ်းခဲ့ရပြီး ယင်းအချိန်မှစ၍ Formal Education ပျောက်ဆုံးခဲ့သည်မှာ ၁နှစ်ခွဲနီးပါး ရှိနေပြီဖြစ်သည်။ ထိုအချိန်မှစ၍ ကျောင်းသားလူငယ်များသည် အွန်လိုင်းအခြေတည် Informal Learning ပြုလုပ်လာကြသည်။ လူငယ်အဖွဲ့အစည်းများက ဦးဆောင်၍ အွန်လိုင်းသင်ကြားရေး လုပ်ဆောင်ရန် အသိပညာပေးခြင်းများ၊ နည်းပညာဆိုင်ရာ အသိပညာပေးခြင်းများကိုလုပ်ဆောင်ခဲ့ကြသည်။ သို့သော်ငြားတစ်ဆက်တည်းမှာပင်မြန်မာနိုင်ငံထဲမှာပဲအွန်လိုင်းပညာရေးဖော်ဆောင်ရန်နည်းပညာလိုအပ်ခြင်း၊အရင်းမြစ်မလုံလောက်ခြင်းစသည့်အခက်အခဲရှိနေကြတဲ့ကျောင်းသားများစွာလည်းရှိကြပါတယ်။အခြေခံပညာရေးတွင်မူအွန်လိုင်းသင်ကြားရေးကိုလုပ်ခြင်းမရှိသလောက်နည်းပါးနေသည့် အလျောက် ကျောင်းမတက်ဘဲ Civil Disobedience Movement (CDM) လှုပ်ရှားမှုတွေနဲ့ အတူ အွန်လိုင်းအခြေပြုအခြေခံပညာရေးကိုဖော်ဆောင်ရန်ကြိုးစားလာသောအဖွဲ့အစည်းများပေါ်ပေါက်လာသည်။




## စစ်အာဏာသိမ်းမှုမတိုင်ခင် Covid-19 ကာလ အွန်လိုင်းမှ လေ့လာသင်ယူမှုများ

စစ်အာဏာတိုင်မှုမတိုင်မီ ကိုဗစ်ကာလစတင်ချိန်မှစ၍ အွန်လိုင်းပေါ်မှ လေ့လာသင်ယူခြင်းများ ပြုလုပ်လာကြပြီးလက်ရှိအချိန်ထိ Informal Education အပေါ်မှာပဲအမှီပြုလာပြီး တက်လမ်းကို ရှာလာကြသည်။ ဤနေရာတွင်သက်မွေးတက္ကသိုလ်များမှ ကျောင်းသားများလေ့လာရာတွင် အခက်အခဲများစွာရှိနေခဲ့ပြီး လက်တွေ့လုပ်ဆောင်ဖို့ စိန်ခေါ်မှုများစွာနှင့်လည်းကြုံတွေ့လျက် ရှိသည်။ တစ်ဖက်မှာလည်း Informal Education မှတစ်ဆင့် Personal Development များ၊ လူငယ်များ အချင်းချင်း အပြန်အလှန်သင်ကြားမှုများပြုလုပ်နေကြပြီး ကျန်တစ်ဖက်မှာလည်း လူငယ်အဖွဲ့အစည်းများ၊ ကျောင်းသားအဖွဲ့အစည်းများစွာတွင် ပါဝင်လှုပ်ရှားကာ အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် အလုပ်သင်များ ဝင်လုပ်၍ လုပ်ငန်းခွင်အတွေ့အကြုံရစေရန် ကြိုးစားလာကြသည်။ ထိုအပြင် အခြားသော အင်တာနက် အခြေပြုသင်ကြားရေး ပလက်ဖောင်းများဖြစ်သည့် အစရှိတဲ့မှ ဝက်ဘ်ဆိုဒ်များမှ လေ့လာသူများရှိသော်ငြား ဘာသာစကားအခက်အခဲ၊ အွန်လိုင်းမှ လေ့လာခြင်းကို အလေ့အကျင့် မရှိခြင်းစသည်တို့ကြောင့် ပြီးဆုံးအောင် လေ့လာသူ နည်းပါးခြင်းတို့ကို တွေ့ရှိရပါသည်။ လေ့လာသူများသည် ထိုသို့ ဝက်ဘ်ဆိုဒ်များမှလေ့လာခြင်းထက် အခြားလူငယ်အဖွဲ့အစည်းများက ဦးဆောင်သော အလုပ်ရုံဆွေးနွေးပွဲများ၊ ကာလတိုသင်တန်းများလေ့လာခြင်းကို ပိုမိုအားသန်ကာ ပါဝင်လျက်ရှိသည်။ လူငယ်အဖွဲ့အစည်းတွေဟုဆိုရာတွင် လေ့လာစရာအပိုင်း မျိုးစုံမှပေါ်ပေါက်လျက်ရှိပြီး အရှိန်ကောင်းစွာနှင့် ဖော်ဆောင်ခဲ့ကြသည်။ ၂၀၂၀အစိုးရ၏ ကိုဗစ်ကာလပညာရေးဖော်ဆောင်နိုင်ရန် ကြိုးပမ်းသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအနေအထားအရ အင်တာနက် စရိတ်စခများနှင့် မြန်မာပြည်အနောက်ပိုင်း ရခိုင်တွင် အင်တာနက်ဖြတ်တောက်ထားမှုတို့ကြောင့် လက်တွေ့မှာအလုပ်မဖြစ်ခဲ့သည့်အပြင် ၂၀၂၀ရွေးကောက်ပွဲအလွန်အာဏာသိမ်းမှုနဲ့ကြုံခဲ့ရသောကြောင့် ကျောင်းသားများရဲ့ ပညာရေးလက်လှမ်းမှီမှုမှာ ဝေးသထက်ဝေးသွားပြီး မျှော်လင့်ချက်မဲ့ခဲ့ရပါတော့သည်။

## အာဏာသိမ်းမှုနောက်ပိုင်း ပညာရေးလိုအပ်ချက်ကိုဖြည့်စည်းနိုင်ရန် ကြိုးစားနေကြသော အဖွဲ့အစည်းများ

အာဏာသိမ်းမှုနောက်ပိုင်းတွင် အခြားပေါ်ပေါက်လာသည့် အဖွဲ့အစည်းများအနက် လက်ရှိပညာရေးကွက်လပ်ကိုဖြည့်ဆည်းရန် ကြိုးစားနေသောအဖွဲ့များလည်းရှိသည်။ ပေါ်ပေါက်လာသော အဖွဲ့အစည်းများအနက် Virtual Federal University, Spring University Myanmar, Youth Career Institute တို့မှာ ကျောင်းသားများအကြားလူသိများကြသည်။ လက်ရှိ Spring University Myanmar နှင့်အတူ Centre for College preparation, Law School, School of Federalism and Peace Studies, Stem School, School of Arts and Social Sciences, The Movement Institute နှင့် School of economics အစရှိတဲ့ Institute များပါဝင်ပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် ၁လတာသင်ခန်းစာများ စသည်ဖြင့် သင်ခန်းစာကို မူတည်ကာ အချိန်ကာလအမျိုးမျိုးဖြင့်ဖွင့်လှစ်လျက်ရှိသည်။ တစ်ဖက်မှာလည်း သင်တန်းကြေးကို နှစ်သောင်းကျပ်မှ ငါးသောင်းကျပ်အထိ အစားစားသတ်မှတ်ထားသောကြောင့် ကျောင်းသားလူငယ်များ အားလုံး တက်ရောက်နိုင်ခြင်း မရှိသည်ကိုလည်းတွေ့ရပါသည်။ SUM သည်ရရှိသည့် course feesများကို လိုအပ်သည့် နေရာများတွင်ထောက်ပံ့ခြင်း များပြုလုပ်လျက်ရှိ ပါသည်။

Virtual Federal University (VFU) Websiteတွင် သင်ခန်းစာများမိတ်ဆက် pdfများတင်ထားပြီး လက်ရှိမှာ classနှစ်ခု အခမဲ့ဖွင့်လှစ်ခဲ့ပြီး Spring University Myanmar ကဲ့သို့ courseများစွာကိုတော့ ဖွင့်လှစ်နိုင်ခြင်းမတွေ့ရှိရသေးပေ။ VFUတွင် ဖွင့်လှစ်မည့် courseများသည် ကျောင်းသားများအားလုံး အတွက် ရည်ရွယ်ကာ အခမဲ့ဟုကြေငြာထားပါသည်။

နောက်တစ်ခုကတော့Youth Career organizationမှ Youth Career Institute အဖြစ်ပြောင်းလဲခဲ့ပြီး Low-cost Education System ကိုကျင့်သုံးကာ ကျောင်းသားများကို လစဉ် (၃၀၀၀)မှ (၅၀၀၀) အထိကောက်ကာ Japan , Digital Marketing, Korea, English, Chinese, Digital Arts, photography အစရှိသည့် ဘာသာရပ်များကို level အလိုက် နှစ်လကြာ၊ သုံးလကြာ သင်တန်းများစွာဖွင့်လှစ်လျက်ရှိနေပြီး ကျောင်းသားတော်တော်များလည်း စိတ်ဝင်တစားလျှောက်ခြင်းကိုတွေ့မြင်ရပါတယ်။




@InyaEconomics








## အာဏာသိမ်းမှုနောက်ပိုင်း တက္ကသိုလ်ကျောင်းသားများရဲ့လေ့လာမှုအခြေအနေ

ဖေဖော်ဝါရီလတစ်ရက်နေ့ မြန်မာနိုင်ငံတွင် အာဏာသိမ်းမှုဖြစ်ပေါ်ခဲ့ပြီး နောက်တွင် ကျောင်းသားများရဲ့ အွန်လိုင်းအခြေပြု လေ့လာမှုများ ရုတ်ချည်းပျောက်သွားခဲ့သည်။ အကြောင်းအရင်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ မိုဘိုင်းဆယ်လူလာအင်တာနက်ဖြတ်တောက်ခဲ့ရခြင်း။ ဖိုင်ဘာအင်တာနက်လိုင်းများကိုသာ ဖွင့်ပေးထားခဲ့ပြီး နေ့စဉ် မနက် ၁နာရီမှ ၉နာရီအထိ အင်တာနက်ဖြတ်တောက်ခဲ့ခြင်း စသည့်အနှောက်အယှက်များကြောင့် အတိုင်းအတာတစ်ခုထိ ရပ်တန့်သွားခဲ့သည်။ တစ်ချိန်တည်းမှာပင် အာဏာသိမ်းမှုနှင့် တစ်ပြိုင်တည်းပေါ်ပေါက်ခဲ့သော ဆန္ဒပြမှုများတွင် ကျောင်းသားလူငယ်များစွာပါဝင်လျက်ရှိကာ တွန်းလှန်လျက်ရှိကြသည်။ ကိုဗစ်ကာလတွင် အားကောင်းခဲ့တဲ့ အဖွဲ့အစည်းတော်တော်များများလည်း အာဏာသိမ်းမှု နောက်ပိုင်း အခြေအနေ အမျိုးမျိုးကြောင့် ရပ်တန့်သွားခဲ့သည်။

အောက်ဖော်ပြရာ နှိုင်းယှဉ်မှုသည် survey ဖြေဆိုသူများ၏ရလဒ်များကို ဖော်ပြထားခြင်းဖြစ်ပြီး ကျောင်းသားကျောင်းသူများ၏ကိုဗစ်ကာလ အာဏာသိမ်းမှု မတိုင်မီနှင့် အာဏာသိမ်းပြီး အွန်လိုင်းပေါ်မှလေ့လာသင်ယူမှုအပေါ် အဆင့်သတ်မှတ်ချက်ကိုဖော်ပြထားခြင်းဖြစ်သည်။

### ကျောင်းသားကျောင်းသူများ၏ကိုဗစ်ကာလ အာဏာသိမ်းမှု မတိုင်မီနှင့် အာဏာသိမ်းပြီး အွန်လိုင်းပေါ်မှလေ့လာသင်ယူမှုအပေါ် အဆင့်သတ်မှတ်ချက်




ယခုအခြေအနေနဲ့ ကျောင်းသားများလေ့လာရာတွင်အခက်အခဲမျိုးစုံရှိနေပြီး အသေးစား စစ်တမ်းအရ ကျောင်းသားလူငယ်များသည် အင်တာနက်ရရှိမှု အဆင်မပြေခြင်း၊ လွတ်လပ်စွာ သင်ယူခွင့်တို့ဆုံးရှုံးခြင်း၊ အာရုံစူးစိုက်မှုမရခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများရှိနေခြင်း၊ ထိုစိတ်ပိုင်း ဆိုင်ရာအခက်အခဲများကြောင့် သင်ကြားခြင်းကို စိတ်မပါခြင်းများအပြင်များစွာသော စီးပွားရေး ဆိုင်ရာ ငွေကြေးဆိုင်ရာအခက်အခဲများစွာတို့ကြောင့် အာဏာသိမ်းမှုနောက်ပိုင်း အွန်လိုင်းမှလေ့လာ သင်ယူမှုများ အဆင်ပြေခြင်းမရှိတော့သည်ကိုတွေ့ရှိရပါသည်။

## နိုင်ငံခြားပညာသင်ဆုလျှောက်ယူရာ၌တွေ့ကြုံနေရသောအခက်အခဲများ

ပြည်ပထွက်ပညာသင်ကြားရန်ပြည်တွင်းရှိကျောင်းသားများသည်ငွေကြေးအရလက်လှမ်းမှီဖို့ အခက်အခဲရှိနေပြီး scholarshipလျှောက်ချင်ကြသော်လည်း လက်လှမ်းမှီမှုမရှိတာတွေကိုတွေ့ရှိ ရပါတယ်။ ဘာသာစကားအခက်အခဲရှိနေခြင်း၊ မိမိကိုယ်ကို ကိုယ်လွတ်ရုံးရာကြသည်ဟုတွေးကာ စိတ်လုံခြုံမှုမရှိခြင်း၊ scholarshipအပြည့်အဝမရလျှင်တက်ဖို့လုံးဝအဆင်မပြေသူများ၊လိုအပ် သည့်စာရွက်စာတမ်းများပြည့်စုံမှုမရှိခြင်း ၊ အာဏာသိမ်းလိုက်သည့်အတွက် extra-curriculum လုပ်ခွင့်မရဘဲ အားနည်းခြင်း နှင့် လျှောက်တဲ့သူသည်ပိုများလာမည်ဖြစ်ပြီးအရင်ထက်ခွင့်အရေး နည်းခြင်းတို့ကလည်းအတားအဆီးဖြစ်နေသည်ကိုတွေ့ရပါသည်။

အောက်ဖော်ပြပါPie-Chartသည်လက်ရှိကာလအာဏာသိမ်းမှုနောက်ပိုင်းတွင်စကောလား ရှစ်လျှောက်ဖို့ အခြေအနေအပေါ်လက်လှမ်းမီမှုရှိ/မရှိ အပေါ်ကောက်ယူထားသော အချက်အလက်ဖြစ်ပါသည်။

**အာဏာသိမ်းမှုနောက်ပိုင်းတွင်စကောလားရှစ်လျှောက်ဖို့ အခြေအနေအပေါ် လက်လှမ်းမီမှုရှိ/မရှိ**




@InyaEconomics

## တက္ကသိုလ်ကျောင်းသားများ၏လက်ရှိပညာရေးအပေါ်သုံးသပ်ချက်

စစ်ကောင်စီဘက်မှ နောက်ဆုံးနှစ်ကျောင်းသားများ ၊ မဟာတန်းများ၊ ဘွဲ့လွန်တန်းများဖြင့်
တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း ကျောင်းသားများရဲ့ ကျောင်းသားများရဲ့ ကျောင်းမ
တက်ဘဲ CDMလှုပ်ရှားမှုကြောင့် မအောင်မြင်တဲ့ အပြင် ယခု ကိုဗစ် တတိယအကြိမ်ရိုက်ခတ်မှု
ကြောင့် ကျောင်းများပြန်လည်ပိတ်ထားခဲ့ရသည်။ နိုင်ငံရေး အကျပ်အတည်းနှင့် ကျောင်းမတက်ပဲ
သပိတ်မှောက်မှုတွေကြောင့် ကျောင်းသားများရဲ့ ဘွဲ့ရဖို့နှင့် ပညာရေးအခွင့်အရေးမှာ ဝေးကွာ
လျက်ရှိသည်။ တစ်ဖက်မှာလည်း NUGအစိုးရရဲ့ အဆင့်မြင့်ပညာရေးဖော်ဆောင်မှုမှ နှေးကွေးနေ
သည့်အပြင် NUG ကို နိုင်ငံတကာမှ တရားဝင် အသိအမှတ်ပြုခြင်းမရှိသည့်အတွက် NUGအစိုးရ
မှပေးအပ်မည့် ပညာရေး အသိအမှတ်ပြု လက်မှတ်များ တရားဝင်ဖြစ်မှုများမှာလည်း
မေးခွန်းထုတ်စရာအဖြစ်ကျန်ရှိနေပြီး ကျောင်းသားများရဲ့ ပညာရေးလမ်းကြောင်းမှာ အာဏာမ
သိမ်းခင် ကိုဗစ်ကာလထက် မှေးမှိန်သထက်မှေးမှိန်လာလျက်ရှိသည်။

